UNODC
United Nations Office on Drugs and Crime

COVID-19 RESPONSE

UNODC Country Office Myanmar



# ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လမ်းညွှန်ချက်များ

ဤလမ်းညွှန်ချက်သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်မှ အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေး ယူနစ်များ၊ အများ ပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ မီဒီယာနှင့် ပြည်သူလူထုတို့ အတွက်မျှဝေပေးနိုင်ရန် ပြင်ဆင်ထားခြင်း ဖြစ်ပါသည်။

ကူးစက်မြန် ကိုရိုနာအဆုတ်ရောင်ရောဂါ ၂၀၁၉ (“ကိုဗစ်-၁၉”) သည် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ် မတ်လ ၁၁ ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ကြေငြာခဲ့သည်။ “ကိုဗစ်-၁၉” သည် မြန်မာနိုင်ငံသို့ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့တွင် စတင် ရောက်ရှိခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ရောဂါပျံ့နှံ့မှုကိုတားဆီးကာကွယ်ရန်အတွက် ၂၀၂၀ ပြည့်နှစ် မတ်လ ၃၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးမှ အမိန့်ကြော်ငြာစာ အမှတ် ၅၃/၂၀၂၀ ကို ထုတ်ပြန်၍ ၂၀၁၉ ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီအား ဖွဲ့စည်းကြောင်း ကြေညာခဲ့သည်။ ပြည်သူလူထု၊ အစိုးရ ဝန်ထမ်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့အား ကျန်းမာရေး အသိပညာပေးရန်အတွက် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များကို ထုတ်ပြန်ပေးနေပြီး အချို့လုပ်ငန်းကဏ္ဍများအတွက် သီးခြား အသေးစိတ် လမ်းညွှန်ချက်များကိုလည်း ထုတ်ပြန်ပေးနေပါသည်။ ရောဂါကူးစက်ခံရသူဦးရေအား ပုံမှန် စစ်ဆေး ခြင်းနှင့် အခြားဆက်စပ်နေသော သတင်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်နှင့် ဖေ့စ်ဘုတ်စာမျက်နှာများတွင် နေ့စဉ်တင်ပေးလျက် ရှိသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်းတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် ပြည်သူ့ဝန်ထမ်းများ၏ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ယူမှု/တာဝန်ခံမှုရှိခြင်းနှင့် ဖြောင့်မတ်တည်ကြည်မှု ရှိခြင်းတို့သည် အရေးကြီးဆုံး ဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အများပြည်သူဆိုင်ရာနှင့် ပုဂ္ဂလိကကဏ္ဍတို့တွင် အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုနှင့် လိမ်လည်မှုများ ဖြစ်ပေါ်နိုင်သည့် အန္တရာယ် ဆိုးရွားစွာ မြင့်တက်စေသည်။ အဆိုပါ အန္တရာယ်များသည် ရိုးရှင်းသော ဝယ်ယူရေးစနစ်၊ ဆေးကုသမှုဆိုင်ရာ ဝန်ဆောင်မှုများတွင် လာဘ်ပေး လာဘ်ယူမှု၊ ကယ်ဆယ်ရေး လုပ်ငန်းများနှင့် အထောက်အပံ့များ ဖြန့်ဝေရာတွင် မမျှတမှု/မညီမျှမှု၊ ဆေးဝါးအတု၊ ကာကွယ်ရေး ကိရိယာ (masks နှင့် လက်အိတ်များ စသဖြင့်) သုတေသန

ပြုလုပ်မှုတို့နှင့် ဆက်စပ်နေသည့် လိမ်လည်မှု၊ ရိုးရှင်းစွာ လုပ်ဆောင်နေ/လိုက်သည့် ဝယ်ယူရေးလုပ်ထုံး လုပ်နည်းများအား ထိန်းကြောင်း၊ စစ်ဆေးမှု မရှိသော ကြောင့် ဆေးပစ္စည်းကိရိယာများ၏ အရည်အသွေး နိမ့်ကျ မှု စသည်တို့နှင့် ဆက်စပ်မှု ရှိနိုင်သည်။

ဤလမ်းညွှန်ချက်သည် အဂတိ လိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် အသိပညာမြှင့်တင်ရေးဌာနနှင့်၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ မီဒီယာနှင့် ပြည်သူလူထုတို့ အတွက် ကျန်းမာရေးဆိုင်ရာ အကြပ်အတည်းကာလ အတွင်းနှင့် အကြပ်အတည်းကာလ နောက်ပိုင်းတွင် ကျင့်ဝတ်နှင့် ဖြောင့်မတ်တည်ကြည်မှု အားကောင်းလာစေရေးအတွက် အထောက်အကူဖြစ်ရန် ပြင်ဆင်ထားခြင်း ဖြစ်ပါသည်။

ဤလမ်းညွှန်ချက်၏ အဓိကရည်ရွယ်ချက်မှာ ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်းနှင့် ကာလနောက်ပိုင်းတွင် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ နှင့် ဆက်စပ်၍ ဖြစ်နိုင်ခြေအများဆုံး အဂတိလိုက်စားမှုဆိုင်ရာ အန္တရာယ်များကို ဖော်ထုတ်ရန်၊ အဆိုပါ အန္တရာယ်များအား လျှော့ချရန်၊ ဖြေရှင်းဆောင်ရွက်ရန်၊ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုနှင့် လိမ်လည်မှုတို့ကို တားဆီးကာကွယ်ရန်နှင့် အများပြည်သူဆိုင်ရာကဏ္ဍ၏ ဖြောင့်မတ်တည်ကြည်မှုကို မြှင့်တင်ရန်တို့ ဖြစ်သည်။

ဤလမ်းညွှန်ချက်သည် ပုံသေမဟုတ်ဘဲ ဖြစ်ပေါ်နေသည့် အခြေအနေအလိုက် ဖြည့်စွက်နိုင်သည်။

*အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်နှင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး ဌာန ဝန်ထမ်းများ၊ အခြား ပုဂ္ဂလိကကဏ္ဍနှင့် ပြည်သူ့ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံမှု အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သော ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များကို တိကျစွာ လိုက်နာ ဆောင်ရွက် သင့်ပါသည်။*

## ကိုဗစ်-၁၉ နှင့် ဆက်စပ်နေသော အဂတိလိုက်စားမှုနှင့် အဂတိလိုက်စားမှုဆိုင်ရာ အန္တရာယ်များကို တားဆီးကာကွယ်ရန်နှင့် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရန်တို့အတွက် စည်းမျဉ်း ၁၀ ချက်

### စည်းမျဉ်း ၁ - အများပြည်သူဆိုင်ရာ ကဏ္ဍ၏ ဖြောင့်မတ်တည်ကြည်မှု နှင့် တာဝန်ယူမှု/ တာဝန်ခံမှု တို့ကို မြှင့်တင်ပါ

ကိုဗစ်-၁၉ သည် လုပ်ငန်းဆောင်ရွက်ရာ၌ ချက်ချင်း ဆောင်ရွက်ရန် လိုအပ်သည်။ ယင်းရည်ရွယ်ချက်မှာ ချေးငွေများ ခွင့်ပြုပေးခြင်းနှင့် ဖြန့်ဝေခြင်း အပါအဝင် ဝယ်ယူရေးနှင့် အခြားဘဏ္ဍာငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရိုးရှင်းစေသဖြင့် လူသန်းပေါင်းများစွာ၏ အသက်များအား ကယ်ဆယ်သည့် လုပ်ငန်းစဉ်များကို လျင်မြန်စေပြီး၊ ကပ်ရောဂါကြောင့် မိသားစု ထောင်ပေါင်းများစွာ ငတ်မွတ်ခြင်းနှင့် နေအိမ်ဆုံးရှုံးခြင်းတို့မှ ကာကွယ်နိုင်သည်။

အစိုးရအဖွဲ့အစည်းများသည် အများပြည်သူဆိုင်ရာ ဝယ်ယူရေးနှင့် ဘဏ္ဍာငွေဆိုင်ရာ စံသတ်မှတ်ချက်များအား (ကပ်ကာလအတွင်း လိုအပ်သည့်ပစ္စည်းဝယ်ယူရေးနှင့် အခြားဘဏ္ဍာရေး လုပ်ငန်းများ အတွက်ပင်လျှင်) သက်ဆိုင်ရာ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများနှင့် အညီ တိကျစွာ လိုက်နာ ဆောင်ရွက်သင့်သည်။ ကပ်ကာလအတွင်းတွင် သာ ရိုးရှင်းသော ဝယ်ယူရေး လုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်သင့်သည်၊ ပုံမှန်လုပ်ငန်းစဉ်များအား ကပ်ကြီးပြီးဆုံးချိန်နောက်တွင် ဖြစ်နိုင်သမျှ မြန်မြန် ပြန်လည်အကောင် အထည်ဖော် ဆောင်ရွက်သင့်သည်။

### စည်းမျဉ်း ၂ - ကိုဗစ်-၁၉ နှင့်ဆက်စပ်နေသည့် ကယ်ဆယ်ရေး လုပ်ငန်းများအတွက် အများပြည်သူဆိုင်ရာ ကဏ္ဍ၏ ဆုံးဖြတ်ချက်များနှင့် မူဝါဒများကို လူထုအား ပွင့်လင်းမြင်သာစွာ အသိ ပေးပါ

ကိုဗစ်-၁၉အား ရင်ဆိုင်တုံ့ပြန်သည့် မူဝါဒများနှင့် ထိခိုက် နစ်နာမှု အများဆုံးဖြစ်သော နိုင်ငံသားများ၊ ကုမ္ပဏီများနှင့် စက်ရုံ အလုပ်ရုံများအား ကယ်ဆယ်ရေး ရန်ပုံငွေများ ပံ့ပိုးပေးခြင်းနှင့် ကျန်းမာရေးကဏ္ဍတွင် ရန်ပုံငွေများ နှင့် ပစ္စည်း

ဝယ်ယူရေး အပါအဝင် ဦးစီးဌာနများနှင့် ဝန်ကြီးဌာနများ၏ ဆုံးဖြတ်ချက်များကို လူထုအား ပွင့်လင်းမြင်သာစွာဖြင့် အသိပေးသင့်ပါသည်။

ပြည်ထောင်စုအဆင့်၊ တိုင်းနှင့်ပြည်နယ်အဆင့်များ၌ ကယ်ဆယ်ရေးလုပ်ငန်းများဆိုင်ရာ ဆုံးဖြတ်ချက်များသည် ပွင့်လင်းမြင်သာမှု ရှိသင့်ပြီး၊ ကပ်အတွင်းနှင့် ကပ်ပြီးဆုံးပြီးနောက် ပုံမှန်စစ်ဆေးရေးနှင့် ထိန်းကြောင်းကွပ်ကဲမှုတို့ ဆောင်ရွက်သင့်သည်။

## စည်းမျဉ်း ၃ - ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပွင်းလင်းမြင်သာမှု နှင့် တာဝန်ယူမှု/တာဝန်ခံမှု ရှိပါစေ

ပြည်သူ့ဝန်ထမ်းများသည် ၎င်းတို့၏ မိတ်ဆွေများ၊ မိသားစုများအပါအဝင် ကယ်ဆယ်ရေးအထောက်အပံ့များ ရရှိခံစားရန် အကျုံးမဝင်သည့်သူများ (သို့) အဖွဲ့များအား မလျော်ကန်သော အကျိုးခံစားခွင့်များ ပေးရန်၊ ထောက်ပံ့ငွေ၊ ချေးငွေများ၊ ကျန်းမာရေး ဝန်ဆောင်မှု (သို့) အခြားကယ်ဆယ်ရေး အထောက်အပံ့ ရရှိခံစားလို၍ လာဘ်ပေးသူများအတွက် ၎င်းတို့၏ ရာထူးနေရာအား တလွဲ အသုံးမပြုသင့်ပါ။

ပြည်သူ့ဝန်ထမ်းများသည် လာဘ်တောင်းခံခြင်း (သို့) လာဘ်ယူခြင်း မပြုလုပ်သင့်ပါ၊ နိုင်ငံသားများသည် အခွင့်ထူး ခံစားရန် (ဥပမာ- ဆေး၊ ဆေးဝါးကုသမှု၊ ကာကွယ်ရေး ပစ္စည်းများရရှိရန်၊ ကယ်ဆယ်ရေး လေယာဉ်လက်မှတ်အား တန်းမစီဘဲရရန်၊ စောင့်ကြည့် ထိန်းသိမ်းခြင်းဆိုင်ရာ စည်းကမ်းများကို ရှောင်ကျဉ်ရန်၊ အစိုးရ ဥပဒေများနှင့် ဆန့်ကျင်၍ ဗီဇာရရန် စသည်တို့အတွက်) လာဘ်မပေးသင့်ပါ။

## စည်းမျဉ်း ၄ - ဆုံးဖြတ်ချက်ချမှတ်ရာတွင် အကျိုးစီးပွား ပဋိပက္ခကို ရှောင်ကျဉ်ပါ

အဆင့်မြင့်အရာရှိများနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် အခြားသူများသည် အကျိုးစီးပွားပဋိပက္ခနှင့် အကျိုးစီးပွား ပဋိပက္ခဖြစ်နိုင်သည့် အန္တရာယ်ကိုပင် ရှောင်ကျဉ်သင့်သည်။

အဆိုပါအခြေအနေများ (ဥပမာ- မိသားစုဝင်များ၊ မိတ်ဆွေများ (သို့) နိုင်ငံရေးအရ၊ စီးပွားရေးအရ (သို့) ပုဂ္ဂိုလ်ရေးအရ မိမိနှင့် အလွန်နီးစပ်သူများအား ကယ်ဆယ်ရေး အထောက်အပံ့ (သို့) အခြားအကျိုးခံစားခွင့်များ ပေးဝေရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ရာတွင်) အထက်ဖော်ပြပါ ဆုံးဖြတ်ချက် ချမှတ်ရသူများ မပါဝင်သင့်ပါ။.

## စည်းမျဉ်း ၅ - ပုဂ္ဂလိကကဏ္ဍအတွက် ကယ်ဆယ်ရေး အထောက်အပံ့များ ပေးဝေရာတွင် ရှင်းလင်း၍ ပွင့်လင်းမြင်သာမှုရှိသော လုပ်ထုံးလုပ်နည်းများဖြစ်ပါစေ

ပုဂ္ဂလိကကဏ္ဍသည် ကိုဗစ်-၁၉ ကပ်ရောဂါ ကာလ အတွင်းတွင် အဂတိလိုက်စားမှုဆိုင်ရာ အန္တရာယ်များ တိုးမြင့်ခံစားလာရသည်။ အဆိုပါအန္တရာယ်များတွင် ဝန်ထမ်းမလုံလောက်သဖြင့် (သို့) ပုံမှန်လုပ်ထုံးလုပ်နည်းများ ပယ်ဖျက်လိုက်ရ၍ နှောင့်နှေးကြန့်ကြာနေသော ရုံးလုပ်ငန်းလုပ်ထုံးလုပ်နည်းများ လျင်မြန်စွာ ပြီးစီးစေရန် လာဘ်ပေးခြင်း၊ ကယ်ဆယ်ရေး အကူအညီများခံစားနိုင်ရန် စာရွက်စာတမ်းအတုများ ပြုလုပ်ခြင်း၊ လုပ်ထုံးလုပ်နည်းလျင်မြန်စေရန်အတွက် အလှူငွေတောင်းခံခြင်း စသည်တို့ ပါဝင်သည်။

ပုဂ္ဂလိကကဏ္ဍအား စီးပွားရေးကုစားမှုအထောက်အပံ့များ ပေးဝေရာတွင် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်သင့်သည်။ အဆိုပါ အထောက်အပံ့များအား ခံစားခွင့်ရှိသည့် အခြေအနေများကို ရှင်းလင်းသည့် စည်းမျဉ်းများဖြင့် ကြိုတင်ပြင်ဆင်ထားပြီး၊ ပြည်သူလူထုကလည်း ကြိုတင်သိရှိနိုင်ရမည်။ ကပ်ရောဂါနှင့် ပတ်သက်သည့် စီးပွားရေး ဆိုင်ရာ အကူအညီများ ပေးရာနှင့် လက်ခံရာတို့တွင် အစိုးရနှင့် စီးပွားရေးလုပ်ငန်းများ နှစ်ဦးနှစ်ဘက်လုံးသည် ဖြောင့်မတ်တည်ကြည်မှုနှင့် တာဝန်ယူမှု/တာဝန်ခံမှုရှိသော အပြုအမူဖြင့် ရှိသင့်သည်။

ပုဂ္ဂလိကကဏ္ဍ အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအတွက် မြန်မာနိုင်ငံရှိ ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများ လိုက်နာဆောင်ရွက်ရမည့် အခြေခံခိုင်မာသော လုပ်ငန်း ဆိုင်ရာ ကျင့်ဝတ်များ ရေးဆွဲနိုင်ရေးနှင့် မိမိတို့ အဖွဲ့အစည်း

အတွင်းသင့်တော်သော ထိန်းချုပ်မှု နည်းလမ်းများ ချမှတ်ဆောင်ရွက်နိုင်ရန် အခြေခံအချက်များ သတ်မှတ်ခြင်းအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်က ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ ၁၄/၂၀၁၈ ကို လိုက်နာသင့်သည်။

## စည်းမျဉ်း ၆- စီမံခန့်ခွဲမှုတွင် လာဘ်ပေးလာဘ်ယူမှု ဖြစ်နိုင်သော အခွင့်အလမ်းများကို လျှော့ချပါ

ကပ်ရောဂါကာလအတွင်း ဌာနတွင်း စာရင်းစစ်နှင့် အခြားစစ်ဆေးရေး ယန္တရားများ မရှိသောကြောင့် အများပြည်သူဆိုင်ရာကဏ္ဍတွင် အဂတိလိုက်စားမှု ဖြစ်နိုင်ချေ အန္တရာယ်များ မြင့်မားလာသည်။ လုပ်ပိုင်ခွင့်အာဏာနှင့် အာဏာအလွဲသုံးစားပြုမှု အန္တရာယ်များကို လျှော့ချရန်အတွက် ဖြစ်နိုင်ပါက စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံး လုပ်နည်းများ အတွက် ဆုံးဖြတ်ချက်များချမှတ်ရာတွင် လူတစ်ဦးထက် ပို၍ ပါဝင်သင့်သည်။

E-signatures အပါအဝင် e-government စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများ အဆင့်မြှင့်တင်ခြင်းသည် စောင့်ကြပ်ကြည့်ရှုမှုအား သိသာအားကောင်းစေသဖြင့် လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှု အန္တရာယ်များကို လျှော့ချနိုင်လိမ့်မည်။ စီးပွားရေးလုပ်ငန်းများအား အထောက်အပံ့ပေးနေမှုနှင့် အခြေအနေတို့အား သတင်းများဖော်ပြသည့် ဝက်ဘ်ပေ့ချ်များ အပါအဝင် ဒစ်ဂျစ်တယ်ပလက်ဖောင်းများသည် အဂတိလိုက်စားမှုဆိုင်ရာ အန္တရာယ်များကို သိသာထင်ရှားစွာ လျှော့ချပေးပြီး၊ တရားဥပဒေစိုးမိုးရေးကို ကာကွယ်ပေးသည်။

## စည်းမျဉ်း ၇ - လုပ်ထုံးလုပ်နည်းအားလုံးနှင့် ပစ္စည်း ဝယ်ယူရေးတို့ကို မှတ်တမ်းများတင်ပါ

ဝယ်ယူသည့် ပစ္စည်းကိရိယာများ၊ နိုင်ငံတကာမှ အကူအညီနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအတွက် သင့်တော်သော မှတ်တမ်း ရေးသွင်းခြင်းကို တိုးမြှင့် လုပ်ဆောင်သင့်သည်။ ငွေကြေးလွှဲ ပြောင်းမှုများ အပါအဝင်ဆုံးဖြတ်ချက် အားလုံးကို သင့်တော်သလို စာရင်းရေးသွင်းရမည်၊ မှတ်တမ်းတင်ရမည်၊ ဘဏ္ဍာရေးဆိုင်ရာ ဖြည့်စွက်ပြင်ဆင်ချက်များ အပါအဝင် အသေးစိတ်ကို စာဖြင့်ရေးသား သိမ်းဆည်းထားရမည်။ အဆိုပါ မှတ်တမ်းများကို ကပ်ရောဂါပြီးစီးချိန်တွင် စာရင်းစစ်နှင့် သက်ဆိုင်ရာ လုပ်ငန်းများအတွက် အလွယ်တကူ ဖတ်ရှုနိုင်ရန် အစိုးရဌာနများက လုပ်ဆောင်ထားရမည်။



## စည်းမျဉ်း ၈ - အထိခိုက်နိုင်ဆုံးဖြစ်သော ကျန်းမာရေး ကဏ္ဍအား ကာကွယ်ပါ

ကျန်းမာရေးကဏ္ဍသည် ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်းတွင် လာဘ်ပေးလာဘ်ယူမှု၊ လိမ်လည်မှုနှင့် အဂတိလိုက်စားမှုတို့ ဖြစ်နိုင်ချေအရှိဆုံး ဖြစ်နိုင်သည်။ ကပ်ရောဂါနှင့် ဆက်စပ်၍ ကျန်းမာရေးကဏ္ဍတွင် အဂတိလိုက်စားမှု ပုံစံအမျိုးမျိုးရှိသည် - လာဘ်ပေး လာဘ်ယူမှုမှ စတင်၍ အလုပ်ဝန်များနေသည့် ကျန်းမာရေးဝန်ထမ်းများအား ကျန်းမာရေးဝန်ဆောင်မှုများ လျင်မြန်စွာရရန် ငွေကြေးပေးခြင်း၊ ဆေးစစ်ခြင်း (သို့) သီးသန့် ခွဲခြားနေထိုင်ခြင်းဆိုင်ရာ စည်းမျဉ်းများကို ရှောင်ကျဉ်ရန်၊ ဆေးဝါးအတုနှင့် ဆက်စပ်၍ လိမ်လည်ရန်၊ အဂတိလိုက်စားခြင်း၊ ဆေးဝါးများနှင့် ကာကွယ်ဆေး အသစ်များအား သုတေသနပြုလုပ်ခြင်းနှင့် ဖော်စပ်ခြင်းတို့နှင့် ဆက်စပ်သည့် အကျိုးစီးပွားပဋိပက္ခ၊ အရေးပေါ် ကာကွယ်ရေးပစ္စည်း (ဆိုလိုသည်မှာ- ပါးစပ်နှင့်နှာခေါင်းစည်းများ၊ လက်အိတ်များ စသဖြင့်) တို့အား အတုပြုလုပ်ခြင်း (သို့) ဈေးနှုန်းအလွန် မြှင့်ခြင်းတို့နှင့် ဆက်စပ်နေသော လိမ်လည်မှု၊ ပစ္စည်းဝယ်ယူရေးတွင် စောင့်ကြည့်ထိန်းကြောင်းမှု မရှိသဖြင့်၊ ရိုးရှင်းစွာ လုပ်ဆောင်နေ/လိုက်သည့် ဝယ်ယူရေးလုပ်ထုံး လုပ်နည်းများအား ထိန်းကြောင်းစစ်ဆေးမှု မရှိသဖြင့် အရည်အသွေးနိမ့်သော ဆေးပစ္စည်း

ကိရိယာများ - စသည်တို့ဖြစ်သည်။ အထက်ပါ အကြောင်းအချက်များ အားလုံးသည် ကပ်ရောဂါကာလတွင် ကျန်းမာရေးကဏ္ဍအတွင်း အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုနှင့် လိမ်လည်မှုများ ဖြစ်နိုင်ချေကို အလွန်မြင့်တက်စေနိုင်ပြီး နိုင်ငံတော်နှင့် အများပြည်သူ၏ ဘဏ္ဍာငွေအကြီးအကျယ် ဆုံးရှုံးစေနိုင်ကာ အမှန်တကယ် လိုအပ်နေသည့် ပြည်သူများသည် သင့်တော်သည့် ဆေးဝါးအထောက်အပံ့များ၊ ပစ္စည်းကိရိယာများကို အချိန်မီ မရရှိမှုများ ဖြစ်စေနိုင်ပါသည်။

ဆေးရုံများနှင့် အခြားဆေးဝါးဆိုင်ရာ အဖွဲ့အစည်းများတွင် ကပ်ရောဂါကာအတွင်း အဂတိလိုက်စားမှု အန္တရာယ်ကို လျှော့ချရန်နှင့် ဖော်ထုတ်ရန် ထိုလုပ်ငန်းစဉ်များ အားလုံးတွင် စောင့်ကြည့်စစ်ဆေးမှုနှင့် ကြီးကြပ်မှုများကို အကောင်အထည်ဖော်သင့်ပါသည်။ ထို့အပြင် ကျန်းမာရေးကဏ္ဍတွင် ထုတ်ဖော်သတင်းပေးသူများအား ကာကွယ်ပေးနိုင်မည့် လုပ်ဆောင်ချက်များလည်း ရှိနေရန် လိုအပ်ပါသည်။

## စည်းမျဉ်း ၉- သတင်းပေးသူအား ကာကွယ် စောင့်ရှောက်ခြင်းကို မြှင့်တင်ပါ

ကပ်ရောဂါကာလအတွင်း အဂတိလိုက်စားမှုအား တိုက်ဖျက်ရေးအတွက် အထိရောက်ဆုံးနည်းလမ်းများမှ တစ်ခုမှာ အများပြည်သူဆိုင်ရာနှင့် ပုဂ္ဂလိကကဏ္ဍတို့တွင် အဂတိလိုက်စားမှုအား သတင်းပို့တိုင်ကြားသည့် နည်းလမ်းများ၏ လုံခြုံမှုကို မြှင့်တင်ခြင်း ဖြစ်သည်။

အဂတိလိုက်စားမှုအား အစိုးရဌာနများ၊ ဝန်ကြီးဌာနများ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးယူနစ်များ၊ ဆေးရုံများ၊ ဥပဒေစိုးမိုးရေးဆောင်ရွက်ရသည့် အဖွဲ့များ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် အခြားအဖွဲ့အစည်းများတွင် ဘေးကင်းလုံခြုံစွာ တိုင်ကြားနိုင်သည့် နည်းလမ်းများစွာ ရှိသည်။ ဥပမာ - အဖွဲ့အစည်း အနေဖြင့် သာမန်စာတိုက်ပုံးများစီစဉ်ထားပြီး ဝန်ထမ်းများ၊ လူနာများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အခြားနိုင်ငံသားများက အဂတိလိုက်စားမှု သတင်းအား ဘေးကင်းလုံခြုံစွာ သတင်းပို့တိုင်ကြားနိုင်ပါစေ။

## စည်းမျဉ်း ၁၀- ကြီးကြပ်ခြင်း ၊ စစ်ဆေးခြင်းနှင့် စောင့်ကြည့်ခြင်းဆိုရာ ယန္တရားများ အားကောင်းပါစေ

အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများသည် လူများစွာ၏ အသက်များကို ကယ်ဆယ်ရန် ဦးတည်ချက် ထားသကဲ့သို့ ကပ်ကာလအတွင်း ကျန်းမာဘေးကင်းရေးနှင့် ဆက်စပ်နေသည့် အလုပ်များတွင် ကန့်သတ်မှုများနှင့် အမိန့်များ ထုတ်ပြန်ထားချိန်၌ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရသည့် အဖွဲ့အစည်းများတွင် အရင်းအမြစ်များ မရှိသည်ကို ရင်ဆိုင်ကြုံတွေ့ရနိုင်သည်။

အချို့သောအများပြည်သူဆိုင်ရာ အဖွဲ့အစည်းများအား ရပ်ဆိုင်းထားရပြီး၊ ဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေး ဆိုင်ရာ လုပ်ထုံး လုပ်နည်းများလည်း ကြန့်ကြာနိုင်ကာ ကပ်ကာလအတွင်း ကျန်းမာဘေးကင်း ရေးဆိုင်ရာ အမိန့်များကြောင့် စစ်ဆေးရေးမှူးများနှင့် ရဲများသည် ပုံမှန်အချိန်များကဲ့သို့ ကွင်းဆင်းမဆောင်ရွက်နိုင်ပေ။

ဌာနတွင်းနှင့် ပြင်ပမှ စစ်ဆေး၊ ကြီးကြပ်၊ စောင့်ကြည့်ခြင်းများအား ကပ်ကာလအတွင်းတွင် တတ်နိုင်သမျှ အချိန်ဆွဲထားပြီး၊ ကပ်ကြီးပြီးဆုံးသည်နှင့် ချက်ချင်းပင် အားဖြည့်ဆောင်ရွက်သင့်သည်။

ကပ်ကာလအတွင်း ကိုဗစ်-၁၉ နှင့် ဆက်စပ်နေသည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ဖြောင့်မတ်တည်ကြည်မှုနှင့် တာဝန်ယူမှု/တာဝန်ခံမှုအပေါ် ထိန်းကြောင်းရေးအတွက် ပြည်သူ့စောင့်ကြည့်ရေး ယန္တရားများနှင့် မီဒီယာများ၏ အခန်းကဏ္ဍသည် အရေးပါဆုံးဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံ ပြည်နယ်များ နှင့် တိုင်းများရှိ အဆင်းရဲဆုံးသော မိသားစုများအား ထောက်ပံ့ရေးများ ပေးပို့ရာတွင် ပါဝင်သည့် အရပ်ဘက်အဖွဲ့အစည်းများသည် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ရာတွင် မလျော်မကန်ပြုလုပ်မှုနှင့် လာဘ်ပေးလာဘ်ယူမှုများအတွက် အမြဲသတိပြုရမည်။





UNODC
United Nations Office on Drugs and Crime

COVID-19 RESPONSE

# ကိုဗစ်-၁၉ ကပ်ရောဂါတုန့်ပြန်ဆောင်ရွက်မှုနှင့်ဆက်နွယ်သည့်

# ကုလသမ္မဂအဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗန်းရှင်း ပြဌာန်းချက် အပိုဒ်များ



အပိုဒ် ၅ ၊ အပိုဒ်ငယ် (၃)
အဖွဲ့ဝင်နိုင်ငံတိုင်းသည် မိမိတို့၏ အဂတိလိုက်စားမှုကို ကာကွယ်တားဆီးရေးနှင့် ဆန့်ကျင်တိုက်ဖျက်ရေး ဆောင်ရွက်ချက်များ လုံလောက်မှုရှိမရှိ သုံးသပ်ဆုံးဖြတ်ရန်အလို့ငှာ သက်ဆိုင်သော ဥပဒေဆိုင်ရာစာချုပ်စာတမ်းများနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်များအပေါ် အခါအလားလျော်စွာ အကဲဖြတ်စစ်ဆေးမှုများကို အားထုတ်ဆောင်ရွက်ရမည်။

အပိုဒ် ၉ ၊ အပိုဒ်ငယ် (၂)
ပြည်သူ့ဘဏ္ဍာများကို စီမံခန့်ခွဲရာတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုတို့ကို အားပေးမြှင့်တင်ရန် သင့်လျော်သော အရေးယူဆောင်ရွက်ချက်များကို လုပ်ဆောင်ရမည်။ ထိုဆောင်ရွက်မှုများတွင် အခြားသောအရာများအနက် အောက်ပါ အချက်များ လွှမ်းခြုံပါဝင်စေရမည် -

(ဂ) ငွေစာရင်းစနစ်နှင့် စာရင်းစစ်ခြင်းဆိုင်ရာ စံနှုန်းများ (ထားရှိခြင်း) နှင့် ယင်းတို့ အပေါ်ကြီးကြပ်မှု၊

(ဃ) ဘေးအန္တရာယ်ကို စီမံခန့်ခွဲခြင်းနှင့် ယင်းတို့အပေါ် ထိရောက်၍ အကျိုးရှိသော ဌာနတွင်းထိန်းချုပ်မှု စနစ်များ၊

အပိုဒ် ၁၀ ၊ အပိုဒ်ငယ် (ခ)
မိမိတို့၏အများပြည်သူဆိုင်ရာ စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များနှင့် သက်ဆိုင်သောအရာများအပါအဝင် အများပြည်သူဆိုင်ရာအုပ်ချုပ်ရေးလုပ်ငန်း၌ ပွင့်လင်းမြင်သာမှုကို မြှင့်တင်အားပေးရန်အတွက် လိုအပ်သောအရေးယူဆောင်ရွက်ချက်များကို လုပ်ဆောင်ရမည်။ ထိုသို့အရေးယူ ဆောင်ရွက်ချက်များတွင် အခြားအရာများအနက် အောက်ပါအချက်များ ပါဝင်နိုင်သည် -

(ခ) အဆုံးဖြတ်ပေးနိုင်သော လုပ်ပိုင်ခွင့်ရှိသည့် အာဏာပိုင်အဖွဲ့အစည်းများထံသို့ အများပြည်သူ အနေဖြင့် လက်လှမ်းမီစေရေး (လွယ်ကူစွာလျှောက်ထားတင်ပြနိုင်ခွင့်) လွယ်ကူချောမွေ့စေရန်အလို့ငှာ သင့်လျော်သည့်ကိစ္စများတွင် စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လွယ်ကူရိုးရှင်းစေရန် လုပ်ဆောင်ပေးခြင်း၊

အပိုဒ် ၁၃ ၊ အပိုဒ်ငယ် (၁)
လူပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် အစုအဖွဲ့များမှ တက်ကြွစွာပါဝင်ဆောင်ရွက်လာစေရေး မြှင့်တင် ဆောင်ရွက်ရန်......အောက်ပါ ဆောင်ရွက်ချက်များအား ပြုလုပ်ခြင်းဖြင့် ထိုသို့အများပြည်သူမှ ပါဝင်လာစေခြင်းကို ခိုင်မာအားကောင်းစေရမည် -

(က) ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များ၌ ပွင့်လင်းမြင်သာမှုတိုးတက်စေရန်နှင့် အများပြည်သူမှအထောက်အကူ ပြုမှုကို အားပေးမြှင့်တင်ရန် ဆောင်ရွက်ခြင်း၊

(ခ) သတင်းအချက်အလက်များကို အများပြည်သူအနေဖြင့် ထိရောက်စွာရယူနိုင်စေရေး သေချာစေရန် ဆောင်ရွက်ခြင်း၊



## Sources


"Accountability and the Prevention of Corruption." UNODC, April 2020. Available at: https://www.unodc.org/documents/Advocacy-Section/ COVID-19_and_Anti-Corruption-2.pdf

"Advisory Note: Covid-19 and Corruption in the Pacific." UNODC and UNDP, May 2020. Available at: https://www.pacific.undp.org/content/pacific/en/home/library/eg/covid19-and-corruption-in-the-pacific.html

"COVID-19 pandemic: GRECO warns of corruption risks." GRECO, April 2020. Available at: https://www.coe.int/en/web/portal/-/covid-19-pandemic-greco-warns-of-corruption-risks

"OECD Policy Responses to Coronavirus (COVID-19). Public integrity for an effective COVID-19 response and recovery." OECD, April 2020. Available at: http://www.oecd.org/coronavirus/policy-responses/public-integrity-for-an-effective-covid-19-response-and-recovery-a5c35d8c/

"Procuring for Life." Transparency International, April 2020. Available at: https://www.transparency.org/en/news/procuring-for-life


For more information and support, please contact:


Marie-Laure Pegie Cauchois

Anti-Corruption Programme Manager

cauchois@un.org @MariePegieCau

Seint Sandar Hlaing

National Programme Coordinator

seint.hlaing@un.org @SandarSeint



**ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး၊ မြန်မာနိုင်ငံ၏ ထုတ်ဝေမှု**

**၁၁ (က)၊ မေလိခလမ်း၊ မရန်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ**

**A publication of**
**United Nations Office on Drugs and Crime Country Office, Myanmar**
**11(A), Malikha Street**
**Mayangone Township Yangon, Myanmar**
**E: https://www.unodc.org/southeastasiaandpacific/myanmar/index.html**


UNODC
United Nations Office on Drugs and Crime

COVID-19 RESPONSE